တစ်ခါက လူငယ် လေးတစ်ယောက်သည် ဗိုက်အောင့်သဖြင့် ဆရာ
ဝန်ထံသို့သွားပြ၏။ ဆရာဝန်က လူငယ်ကိုစမ်းသပ်စစ်ဆေးပြီးနောက်.....

ဆရာဝန်--- "မင်းရဲ့ စအိုထဲကို ဆေးနှစ်လုံးထည့်ရမယ်။ တစ်လုံးကိုတော့ ငါထည့်
ပေးလိုက်မယ်။ ကျန်တဲ့တစ်လုံး ကိုတော့ အိမ်ရောက်မှထည့်ပေါ့"

လူငယ်--- "ရပါတယ် ဆရာ"

လူငယ်လည်း လုံချည်ကို မပြီးနောက်, လက်နှစ်ဖက်ကို ဒူးပေါ်တင်ပြီးတော့
ကုန်းပေး၏။

ဆရာဝန်လဲ ဆေးထည့်ပေးပြီးနောက်....

ဆရာဝန်--- "ကဲ..ဆေးတစ်လုံးတော့ ထည့်ပြီးပြီ။ ကျန်တဲ့တစ်လုံးကိုတော့
အိမ်ရောက် မှထည့်ပေါ့"

လူငယ်--- "ရပါတယ် ဆရာ, အခုတောင် နဲနဲသက်သာသွားသလိုပဲ"
ဆရာဝန်--- "မင်း အိမ်မှာ ဘယ်သူနဲ့နေလဲ"
လူငယ်--- "ကျွန်တော့ မိန်းမနဲ့ နေပါတယ်.. ဆရာ"
ဆရာဝန်--- "အေး..အိမ်ရောက်ရင် ကျန်တဲ့တစ်လုံးကို ထည့်ခိုင်းလိုက်ပေါ့"

လူငယ်လည်း အိမ်ကိုပြန်ရောက်ပြီး, မိန်းမဖြစ်သူကို အကျိုးအကြောင်းပြောပြ
ပြီးနောက်.. လုံချည်ကိုလှန်ပြီး.. လက်နှစ်ဖက်ကိုဒူးပေါ်ထောက်ကာ ကုန်းပေးလေ၏။
မိန်းမဖြစ်သူလည်း သူမ၏လက်တစ်ဖက်ဖြင့် လူငယ်၏ ပုခုံးတစ်ဖက်ကိုကိုင်ပြီးနောက်
စအိုထဲသို့ ဆေးထည့်ပေးလေ၏။

ထိုအချိန်တွင် လူငယ်က အောက်ပါအတိုင်း အော်လိုက်လေတော့၏။

လူငယ်---**"သွားပါပြီကွာ... ဆရာဝန်ဆေးထည့်တုံးက,
လက်နှစ်ဖက်စလုံး ပုခုံးမှာကိုင်ထားတယ်ကွ"**